# အမျိုးသမီးနှင့်ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုအခြေအနေ

မာတိကာ

အပိုင်း(၁) မိတ်ဆက်

အပိုင်း(၂) Sexual and Gender Based Violence (SGBV) ဆိုင်ရာ အကြမ်းဖက်မှုအခြေအနေ

အပိုင်း(၃) ကယန်းအမျိုးသမီးအစည်းအရုံးမှ ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ

အပိုင်း(၄) အမျိုးသမီးနှင့် အလုပ်အကိုင်အခွင့်အလမ်း

အပိုင်း(၅) KTV လုပ်ငန်း/အလုပ်ရုံများနှင့် လူထုအသံ

အပိုင်း(၆) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီနှင့် SGBV ဆိုင်ရာ ဆောင်ရွက်ချက်များ

အပိုင်း(၇) နိဂုံးချုပ် တိုက်တွန်းအကြံပြုချက်များ

## မိတ်ဆက်

ဤစာစောင်ထွက်ရခြင်းသည် မြေပြင်ရှိဒေသခံလူထုများ၊ စစ်ရှောင်လူထုများအကြား KTV ကိစ္စနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် တိုင်ကြားမှု၊ ဆွေးနွေးမှုများရှိလာခြင်းကြောင့်သော်လည်းကောင်း၊ KTV နှင့်ဆက်စပ်သည့် အကြမ်းဖက်မှုများ၊ ပြဿနာများ မကြာခဏ ဖြစ်ပွားလာသည့်အပေါ် ကယန်းအမျိုးသမီးအစည်းအရုံးအနေဖြင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုများ ကာကွယ်တားဆီးနိုင်ရန်၊ နိုင်ငံရေးပဋိပက္ခနောက်ဆက်တွဲ ဖြစ်ပေါ်လာသည့် အမျိုးသမီးနှင့် ဂျဲန်ဒါ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ SGBV ဝန်ဆောင်မှုများအား ဆောင်ရွက်နေသည့် အသင်းအဖွဲ့များနှင့် လူမှုအသိုင်းအဝိုင်းများ သိရှိနားလည်းစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း မြေပြင်၌ ကွင်းဆင်းကောက်ယူထားသည့် စစ်တမ်းများပြုစုကာ ထုတ်ဝေရေးသားခြင်းဖြစ်ပါသည်။ စာစောင်ထုတ်ဝေပြီး နောက်ဆက်တွဲအခြေအနေများနှင့်ပတ်သက်၍ နောက်ဆက်တွဲအစီအစဉ်များကို ဆက်လက်လုပ်ဆောင်ရန်ရှိသည်။

ဤစာစောင်မထွက်မီ မြေပြင်၌ကွင်းဆင်း၍ စစ်ရှောင်လူထုများ၊ စစ်ရှောင်မဟုတ်သည့် ဒေသခံလူထုများနှင့် ကျန်းမာရေးဆိုင်ရာ ဆေးခန်းများအပါအဝင် KTV လုပ်ငန်း/အလုပ်ရုံများနှင့် ဆက်နွယ်သည့်အုပ်စုများနှင့် လက်ရှိ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ(KIEC)ရှိ ပြည်ထဲရေးဌာန၊ ကျန်းမာရေးဌာနတို့နှင့် အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာနများကိုပါ လူတွေ့ဖြင့်သော်လည်းကောင်း၊ အွန်လိုင်းဖြင့်သော်လည်းကောင်း ကယန်းအမျိုးသမီး အစည်းအရုံးအနေဖြင့် စစ်တမ်းကောက်ယူခဲ့ပါသည်။ ဤစာစောင်တွင် အသုံးပြုထားသော ပုံအချို့သည် လုံခြုံရေးအရ အွန်းလိုင်းရှိပုံများကို ထည့်သွင်းထားခြင်းဖြစ်ပါသည်။

## SGBV ဆိုင်ရာ အကြမ်းဖက်မှုအခြေအနေ

Sexual and Gender Based Violence (SGBV) နှင့်ပတ်သက်၍ နည်းမျိုးစုံသည့် အကြမ်းဖက်မှုများ ဖြစ်ပွားလျက်ရှိပါသည်။ ထိုထဲတွင် အိမ်တွင်းအကြမ်းဖက်မှုမှာ အများဆုံး ဖြစ်ပွားလျှက်ရှိပြီး အမျိုးသားမှ ဇနီးအပေါ်သော်လည်းကောင်း၊ သားသမီးများအပေါ်သော်လည်းကောင်း ကိုယ်ထိလက်ရောက် ရိုက်နှက်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုင်းစိုင်းသည့် အပြုအမူအပြောအဆိုများဖြင့် တုံ့ပြန်ပြောဆိုခြင်း၊ မုဒိမ်းပြုကျင့်ခြင်း၊ ပြုကျင့်ရန်ကြံစည်ခြင်းကဲ့သို့သော လိင်ပိုင်းဆိုင်ရာ အတင်းအဓမ္မကျူးလွန်ခြင်းများ စသည့် အကြမ်းဖက်မှု ပုံစံများကို တွေ့ရှိရသည်။ ထို့ပြင် အမျိုးသားများ၏ အိမ်ထောင်ရေးဖောက်ပြန်မှုများကြောင့် ဇနီးသည်များနှင့် သားသမီးအပေါ် ဆိုးရွားစွာ စိတ်ဒုက္ခရောက်ရသည့် အခြေအနေများကိုလည်း တွေ့ရှိရသည်။ အမျိုးသမီးများသည် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ လူမှုစီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုများနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာ အကြမ်းဖက်မှုများ အပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ စသည့် အကြမ်းဖက်မှုများကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။




၎င်းအကြမ်းဖက်မှုများအား ကျူးလွန်နေကြသည့် အုပ်စုများမှာ မိသားစု သွေးရင်းချာများ၊ အမျိုးသား(ခင်ပွန်း)၊ ဆွေမျိုးများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ချစ်သူရည်းစားများ၊ သူစိမ်းများအပြင် လုပ်ပိုင်ခွင့်ရှိသူများ၊ အာဏာရှိပုဂ္ဂိုလ်များနှင့် လက်နက်ကိုင်အစုအဖွဲ့များ စသည့်အုပ်စုများဖြစ်သည်ကို တွေ့ရှိရသည်။









၎င်းအကြမ်းဖက်မှုများအား ကြုံတွေ့ရသော အုပ်စုများမှာ အများအားဖြင့် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ အသက်မပြည့်သေးသည့် ကလေးငယ်များနှင့် အမျိုးသမီးများ ဖြစ်ပါသည်။


မိမိတို့၏ နေအိမ်အတွင်း၌ သော်လည်းကောင်း၊ ရပ်ရွာများ၊ ရပ်ကွက်များနှင့် စစ်ရှောင်စခန်းများ၌သော်လည်းကောင်း၊ လူသူတိတ်ဆိတ်နေရာများနှင့် လူမြင်ကွင်းနေရာများ၌သော်လည်းကောင်း စသည့် နေရာအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိကြပြီး ထိုဖြစ်ရပ်များကို လူမှုအသိုင်းအဝိုင်းမှ သာမာန်ဖြစ်ရိုးဖြစ်စဉ် တစ်ခုကဲ့သို့သာ နားလည်လက်ခံထားကြသည်။ ထို့ပြင် အကြမ်းဖက်မှုဖြစ်စဉ်များ ထုတ်ဖော်ပြောဆိုခွင့်များကိုလည်း နည်းအမျိုးမျိုးနှင့် ပိတ်ပင်တားဆီးခြင်းများကိုပါ ထပ်မံကြုံတွေ့နေရပြန်သည်။

၎င်းအကြမ်းဖက်မှုများကို အများအားဖြင့် ကျေးရွာ၊ စခန်းရှိ သက်ဆိုင်ရာ ဥက္ကဋ္ဌ၊ ကော်မတီများဖြင့်ဖြစ်စေ၊ လက်နက်ကိုင်အဖွဲ့အစည်းများဖြင့်ဖြစ်စေ၊ ဆွေးမျိုးများအကြား၌ဖြစ်စေ နှစ်ဖက်ညှိနှိုင်းခြင်းများဖြစ်စေ၊ လျော်ကြေးနှင့်ဖြစ်စေ ဖြေရှင်းကြသည်။ ထို့အပြင် လက်ရှိ ကရင်နီပြည်ကြားကာလ တရားရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍအောက်မှလည်း တရားဥပဒေအတိုင်း ဆောင်ရွက်ဖြေရှင်းခြင်းတို့ရှိသော်လည်း စိန်ခေါ်မှုများ ရင်ဆိုင်နေရဆဲဖြစ်သည်။




ထိုသို့သော အကြမ်းဖက်မှုများအားရင်ဆိုင်ကြုံတွေ့နေရသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအချို့သည် အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေများ၊ လုံခြုံစွာခိုလှုံသည့်နေရသည့် အခြေအနေများ၊ ကူရာကယ်ရာမဲ့နေရသည့် အခြေအနေများနှင့် တရားဥပဒေအရ အကာအကွယ် ကင်းမဲ့နေသည့် အခြေအနေများကိုလည်း ကြုံတွေ့နေကြရသည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ စ၍ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လထိ ကယန်း အမျိုးသမီးအစည်းအရုံးသို့ ရောက်ရှိလာသည့် SGBV ဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးခဲ့သည့် အမှုအခြေအနေများကိုလည်း အောက်ပါဇယားအတိုင်း ဖော်ပြပေးလိုက်ပါသည်။



ဤဇယားတွင်ဖော်ပြထားသည့်အတိုင်း SGBV ဆိုင်ရာအကြမ်းဖက်မှုများတွင် အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပွားခြင်းမှာ အမြင့်ဆုံးအခြေအနေ၌ရှိနေပြီး သက်ငယ်မုဒိမ်းမှုဖြစ်ပွားသည့်အခြေအနေသည်လည်း မကွာခြားနားလှပေ။ ထို့အတူ စစ်ပဋိပက္ခနောက်ဆက်တွဲနှင့် SGBV ဆိုင်ရာဒဏ်ကြောင့် ဖြစ်ပွားသည့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှု အခြေအနေမှာလည်း စိုးရိမ်ဖွယ်ဖြစ်ပါသည်။ ထို့အပြင် အသက်ပြည့်ပြီးသော (၁၈)နှစ်အထက် အမျိုးသမီးများအနေဖြင့်လည်း အခြား လိင်ပိုင်းအကြမ်းဖက်မှုအပြင် မုဒိမ်းမှုများအား ရင်ဆိုင်ကြုံတွေ့ရသည့်အခြေအနေတစ်ခုကိုလည်း ထပ်မံမြင်တွေ့ရပါ သည်။ ၎င်းအပြင် လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်စော်ကားမှုများသော်လည်းကောင်း၊ မုဒိမ်းကျင့်ရန် ကိုယ်ထိလက် ရောက်ကြိုးပမ်းမှုများနှင့် လိမ်လည်ကာမရယူမှုများသော်လည်းကောင်း၊ အိမ်ထောင်ရေးဖောက်ပြန်မှုများနှင့် ကွာရှင်းမှုများ သော်လည်းကောင်း၊ လူကုန်ကူးမှုနှင့် Monogamy Case (လိင်ပိုင်းဆိုင်ရာ၌ တစ်ကိုယ်ကောင်းဆန်ခြင်း) သော်လည်းကောင်း စသည့် အမှုအခင်းများသည် မြေပြင်၌ အမှန်တကယ် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည့် အခြေအနေတစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

**ကယန်းအမျိုးသမီးအစည်းအရုံးမှ ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ**

| | |
|---|---|
| ***"ကယန်းအမျိုးသမီးအစည်းအရုံးမှ SGBV အတွက် ဒီဝန်ဆောင်မှုလုပ်ငန်းတွေကို ကူညီဆောင်ရွက်နေပါတယ်...."*** | ဥပဒေဆိုင်ရာဝန်ဆောင်မှုအထောက်အပံ့များကို ကူညီဆောင်ရွက်ခြင်း |
| | အကြမ်းဖက်မှုနှင့်ပတ်သက်၍ ကျေးရွာဒေသအဆင့် ညှိနှိုင်းဆောင်ရွက်ရာ တွင် ပါဝင်ကူညီဆောင်ရွက်ပေးခြင်း |
| | လူမှုစိတ်ပိုင်းဆိုင်ရာအထောက်အပံ့များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း (MHPSS) |
| | ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုအထောက်အပံ့များကို ကူညီဆောင်ရွက်ပေးခြင်း |
| | လုံခြုံအိမ်(Safe House)ဝန်ဆောင်မှုပေးခြင်း |
| | လွှဲပြောင်းမှုဆိုင်ရာဝန်ဆောင်မှုများပေးခြင်း |
| | လူမှုရေးဆိုင်ရာ အခြေခံဝန်ဆောင်မှုများပံ့ပိုးပေးခြင်း (Social Service ) |
| | GBV Hotline/Helpline ဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း |

ဤ SGBV ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအပြင် အကြမ်းဖက်မှုများကြိုတင်ကာကွယ်တားဆီးရေး အတွက် အမျိုးသမီး အခွင့်အရေး၊ Sexual and Gender Based Violence၊ (၁၆) ရက်တာ လှုပ်ရှားမှု၊ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွား ကျန်းမာရေး၊ Sex and Gender စသည့် အကြောင်းအရာများနှင့် ပတ်သက်၍ အသိပညာပေး လုပ်ငန်းများ၊ အချက် အလက်များ ကောက်ယူခြင်းနှင့် လူမှုကွန်ယက်တို့တွင် မျှဝေခြင်း အစီအစဉ်များကို ပြုလုပ်လျှက်ရှိသည်။

## အမျိုးသမီးနှင့် အလုပ်အကိုင်အခွင့်အလမ်း

စစ်ရှောင်စခန်းများအပါအဝင် စစ်ရှောင်စခန်းမဟုတ်သည့် ကျေးရွာဒေသများတို့တွင် လက်ရှိ နေထိုင်ကြသော အမျိုးသမီးများ သည် ပြဿနာပေါင်းစုံ တပြိုင်တည်းရင်ဆိုင်ကြုံတွေ့ နေကြရပါသည်။ အမျိုးသမီးအများစုသည် မိသားစုအရေးကိစ္စအဝဝနှင့် ကလေးငယ်များ၏ ပညာရေး၊ ကျန်းမာရေး အစရှိသဖြင့် ဦးဆောင်ဖြေရှင်း နေရသည့်အပြင် ထပ်မံ၍ လူမှုသဟဇာတဖြစ်မှု ပြဿနာများအပါအဝင် နည်းမျိုးစုံသော SGBV ဆိုင်ရာအကြမ်းဖက်ခြင်းတို့ကိုပါ ရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေ တစ်ခုကိုလည်း စစ်တမ်းအရ တွေ့ရှိရပါသည်။ အထူးသဖြင့် အမျိုးသမီးငယ်များသည် လက်ရှိနိုင်ငံရေးပဋိပက္ခဖြစ်ခြင်း နှင့်စပ်လျဉ်း၍ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ရင်ဆိုင်ကြရသည်။ ထို့ပြင် ၎င်းတို့သည် ပညာသင်ကြားရမည့် အရွယ်များ ဖြစ်သည့်အလျောက် ကျောင်းပညာဆက်လက်သင်ယူရန်အတွက် စိန်ခေါ်မှုများ ကြုံတွေ့နေကြရသည်။

ထို့အပြင် အချို့သော အမျိုးသမီးများနှင့်မိန်းကလေးငယ်များသည် လက်ရှိနိုင်ငံရေးမတည်ငြိမ်ခြင်းနှင့် နောက်ဆက်တွဲ အလုပ် အကိုင်ရှားပါးသည့် အခြေအနေများကြောင့် ကြုံရာကျပန်းအလုပ်များကိုသာ ဝင်ရောက်လုပ်ကိုင်နေကြရသည်။ အချို့သော အမျိုးသမီးများနှင့်အမျိုးသမီးငယ်များသည် စားသောက်ဆိုင်များ၊ KTV လုပ်ငန်းများ၊ လောင်းကစားရုံများတွင် ဝင်ရောက် လုပ်ကိုင်နေရပြီး အချို့မှာ အခြားသော နေ့စားအလုပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြရသည်။

KTV အလုပ်ရုံတို့တွင် အလုပ်လုပ်ရသည့် အကြောင်းအရင်းကို ဆန်းစစ်ရာတွင် မိသားစုစားဝတ်နေရေး အကြပ်အတည်းဖြစ်ခြင်း နှင့် မိသားစု အားပံ့ပိုးပေးရန် လိုအပ်နေခြင်း၊ မိသားစုကျန်းမာရေး အတွက် အထောက်အပံ့လိုအပ်နေခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်းနှင့် ကျေးရွာဒေသ၌ ဝင်ငွေရသည့် အလုပ်အကိုင်နည်းပါးခြင်း၊ စသည့် အခြေအနေများကြောင့် ဤလုပ်ငန်းတွင် ဝင်ရောက် အလုပ်လုပ် ကိုင်နေကြရသည်ကို တွေ့ရသည်။ ထို့အပြင် စစ်မှုထမ်းဥပဒေ ကြောင့် ရှောင်တိမ်းရင်းဖြင့် စားသောက်နေထိုင်ရေးဖြေရှင်းနိုင်ရန် အတွက် လာရောက်အလုပ်လုပ်ကိုင်နေသူများလည်း ရှိသည်။



စစ်တမ်းတွေ့ရှိချက်အရ ၎င်းတို့၏ အကျိုးခံစားခွင့်အခြေနေနှင့် ကျန်းမာရေးစောင့်ရှောက်ခံယူမှုအခြေအနေမှာလည်း စိန်ခေါ်မှုများ ရှိနေသည်ကို တွေ့ရသည်။



ကျန်းမာရေးစောင့်ရှောက်ခွင့်အခြေအနေနှင့်ပတ်သက်၍ KTV အလုပ်များ၌ အလုပ်လုပ်ကိုင်နေသော အမျိုးသမီးများအားမေးမြန်းရာတွင် "*တချို့ KTV အလုပ်ရုံတွေမှာ ကျန်းမာရေးစောင့်ရှောင့်ခံယူမှုနဲ့ ပတ်သက်ပြီး (၂)လတစ်ကြိမ် (သို့) (၃)လတစ်ကြိမ် ဆီးစစ်၊ သွေးစစ်တဲ့ အစီအစဉ်တွေကို ပြင်ဆင်ထားပြီဖြစ်တယ်။ ဒါကလည်း ကျန်းမာရေးဝန်ထမ်းတွေက လာရောက်ပြောဆိုဆွေးနွေးပေး လာတာကြောင့်လည်းဖြစ်တယ်။ ပြီးတော့ အလုပ်သမားတွေနေမကောင်း ဖြစ်လာရင် လုပ်ငန်းရှင်(သို့) မန်နေဂျာကိုယ်တိုင် ဆေးရုံ/ခန်း လိုက်ပို့ပေးတာမျိုးရှိတယ်။ မန်နေဂျာကိုယ်တိုင် ဆေးတပ်သားလုပ်ဖူးတော့ သူကိုယ်တိုင် ဆေးပိုင်းစောင့်ရှောက်မှုပေးတယ်*"ဟု ဆိုသည်။

သို့ရာတွင် ကျန်းမာရေးနှင့်စပ်လျဉ်း၍ Sex Education များပြုလုပ်ပေးရန် လိုအပ်နေသည်ကို တွေ့ရသည်။ ထို့အပြင် အချို့သော KTV အလုပ်ရုံများသည် လုံခြုံရေးနှင့် ပတ်သက်၍လည်း ယင်လုံ၊ အနံ့လုံ၊ အရှက်လုံ စသည့်လုံခြုံရေးအတွက် ကောင်းမွန်သည့် အိမ်သာများလည်း တည်ဆောက်ပေးရန်လိုအပ်သည်။ ထို့နည်းတူ ၎င်းတို့၏ လုပ်ငန်းခွင်တွင်ရှိသည့် ဝန်ထမ်းလုပ်သားများအပေါ် လေးစားရန်၊ အကာအကွယ်ပေးရန်၊ ရပ်တည်ပေးရန်တို့ကိုလည်း လိုအပ်နေသည်။ ထို့အပြင် ၎င်းတို့၏ဆိုင်တွင် လာရောက်အသုံးပြုသည့် Customer ကိုလည်း လုပ်ငန်းရှင်တို့၏ ထိန်းချုပ်မှုအောက်မှ စည်းမျဉ်းစည်းကမ်းကို လိုက်နာဆောင်ရွက်နိုင်ရန်အတွက်လည်း သေချာစွာပြုလုပ်ထားရန်လိုအပ်သည်ကို သုံးသပ်တွေ့ရှိရသည်။



အကျိုးခံစားခွင့်များအနေဖြင့်လည်း စစ်တမ်းတွင် ပါဝင်ဖြေဆိုသူမှ ယခုကဲ့သို့ဖြေကြားခဲ့သည်။ "*လစာကတော့ (၃)သိန်းကနေ (၅)သိန်းကြားရှိတယ်။* Customer *တွေလာရောက်တဲ့အခါ စက်ရှင်ကြေးအနေနဲ့ လေဒီ (လိုင်အလုပ်သမ) တစ်ဦးက (၇)သိန်း ကနေ (၁၃)သိန်းကြားရှိတယ်။ လေဒီတွေအတွက်တော့ (၃)သိန်းခွဲရတာ မျိုးရှိပါတယ်။ ပြီးတော့ စက်ရှင်ကြေးတစ်နာရီ(၁)သောင်းရမယ်ဆိုရင် လေဒီက (၅)ထောင်ရတာလည်းရှိတယ်။ ဆိုင်အတော်များများမှာ မာဆပ်အနှိပ်က စက်ရှင်ကို တစ်နာရီ (၁)သောင်းနှစ်ထောင်ကျပ်၊ လေဒီတွေက (၅)ထောင်ကျပ်ရတယ်။ ဆိုင်ရှင်ကတော့ (၇)ထောင်ယူတာမျိုးတွေရှိပါတယ်။ ပြီးတော့ ရုပ်ချောတဲ့သူ၊ အသံကောင်းတဲ့သူ၊ အနှိပ်ကောင်းတဲ့သူ၊ ဝန်ဆောင်မှုကောင်းတဲ့သူတွေဆိုရင်တော့ ဝင်ငွေက ပိုရတယ်*"ဟု လေဒီတစ်ဦးမှ စစ်တမ်းအပေါ် ဖြေဆိုခဲ့သည်။

စိန်ခေါ်မှုအခဲများအနေဖြင့် အလုပ်မှထုတ်ပယ်ခံရခြင်းနှင့် အလုပ်လက်မဲ့ ဖြစ်သွားမည်ကိုစိုး ရိမ်နေရခြင်း၊ ဆိုင်သို့လာရောက်သည့် Customer များ၏ အကြပ်ကိုင်ခြိမ်းခြောက်ခံရခြင်း၊ လေကြောင်းတိုက်ခိုက်မှု အန္တရာယ်စိုးရိမ်ရခြင်း၊ လုပ်ငန်းမကျွမ်းကျင်မှုနှင့် (ပတ်ဝန်းကျင်မှ သတ်မှတ်လေ့ရှိသည့်) ရုပ်ရည်အသင့်အတင့်သာ ရှိသူများအတွက် ဝင်ငွေနည်းပါခြင်း၊ အလိုမတူဘဲ ကိုယ်ဝန်ရသွားပါက အလုပ်မှ ထုတ်ပယ်ခံရခြင်းအပြင် အချို့သော Customer များ၏ မဖွယ်မရာ

အပြုအမူများရှိလာပါက ကာကွယ်နိုင်ရန်အတွက် လေဒီများမှ ၎င်းတို့၏ ချစ်သူရည်းစားကို ခေါ်လာမည်ဆိုပါကလည်း ခေါ်လာခအဖြစ် လေဒီများကိုယ်တိုင် စက်ရှင်အား အခကြေးငွေ ပြန်လည်ပေးဆောင်ရခြင်း စသည့် စိန်ခေါ်မှုအခက်အခဲများကို ရင်ဆိုင်ကြရသည်။

ဤစာတမ်းတွင် KTV လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အခြေအနေများ၊ လက်ရှိ ကြားကာလအုပ်ချုပ်ရေးကောင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်စီမံမှု အနေအထားများ၊ လုပ်ငန်းခွင်နှင့်ပတ်သက်သည့် တာဝန်ယူမှု တာဝန်ခံမှုအခြေအနေများ၊ ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများ ကာကွယ်တားဆီးရေး အစီအမံများနှင့်ပတ်သက်သည့် အခြေအနေများကိုလည်း လေ့လာရှိနိုင်ရန်အတွက် လုပ်ငန်းစဉ်အချို့ကိုလည်း ဆက်သွယ်မေးမြန်း စစ်တမ်းကောက်ယူမှုပြုလုပ်ခဲ့သည်။

KTV လုပ်ငန်းများကို ၂၀၂၃ ခုနှစ်မှစတင်၍ စစ်ရှောင်စခန်းများနှင့် အနီးအနားနေရာများတွင် စီးပွားရေး လုပ်ငန်းရှင်အချို့နှင့် အသစ်ပေါ်ပေါက်လာသည့် လက်နက်ကိုင် ခုခံတော်လှန်ရေးအဖွဲ့အချို့မှ ဦးစီးလုပ်ကိုင်ခဲ့ကြပြီး ၂၀၂၄ ခုနှစ်မှ စတင်ဖွင့်လှစ်သည့် ဆိုင်များလည်းရှိသည်။ ဆိုင်များတွင် အစားအသောက်များနှင့် သီချင်းသီဆိုနိုင်သည့် ဝန်ဆောင်မှုများအပြင် အနှိပ်ဝန်ဆောင်မှုများ၊ တည်းခိုခွင့်များပေးသည့် ဝန်ဆောင်မှုများလည်းရှိသည်။ စစ်တမ်းတွင် ပါဝင်ဖြေဆိုသည့် လုပ်ငန်းရှင်များ၏ ဖြေဆိုချက်များအရ KTVလုပ်ငန်း/အလုပ်ရုံများတွင် စည်းမျဉ်း/ စည်းကမ်းထုတ်ထားခြင်းများလည်းရှိကြောင်း သိရသည်။



ဆိုင်တွင်အလုပ်လုပ်နေသည့် မိန်းကလေးများကို တစ်ပတ်လျှင် (၂) ကြိမ်မှ (၃) ကြိမ်ထိ အပြင်ထွက်ခွင့်၊ သွားလာခွင့်များ ခွင့်ပြုထားပါပြီး လုပ်ငန်းခွင် ကြိုပို့ပေးမှုများရှိသည်။ အချို့သော KTV တို့တွင် မိမိသဘောဆန္ဒအလျောက် လိင်ဆက်ဆံခြင်းမျိုး ပြုလုပ်မည်ဆိုပါက ပြန်းထန်သည့် ပြစ်ဒဏ်အနေဖြင့် ငွေအမောက်ကြီးကြီးမားမား ပြန်လည်ပေး ဆောင်ရခြင်းနှင့် အလုပ်မှထုတ်ပယ်ခြင်း စသည့် စည်းကမ်းကိုလည်း ချမှတ်ထားသည်။ Customer များမှ KTV တွင် အကြမ်းဖက်မှု တစ်စုံတစ်ရာဖြစ်ပွားပါက စားသောက်ဆိုင်တွင် ဆက်လက်စားသုံးခွင့်ကို ရပ်တန့်စေခြင်းမျိုးနှင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းမှုပုံစံမျိုးကို ပြုလုပ်ထားကြောင်း သိရသည်။

ထို့ပြင်KTV လုပ်ငန်း/အလုပ်ရုံများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ လုပ်ငန်းရှင်များ၊ ဆိုင်ရှင်များအကြား ပုံမှန်တွေ့ဆုံမှုများ ပြုလုပ်မှုရှိသည့်အပြင် ဆိုင်များအကြား တပြေးညီဖြစ်စေရန်အတွက် စည်းမျဉ်း များ သတ်မှတ်မှုရှိကြောင်းသိရသည်။ ထို့အပြင် KTV လုပ်ငန်းရှင်များက သက်ဆိုင်ရာ ဆေးပေးခန်းများကိုလည်း လစဉ်အလှူဝင်ငွေ (၂)သိန်းမှ (၃)သိန်းကြား ထည့်ဝင်ပေးခြင်းကိုလည်း ပုံမှန်ပြုလုပ်မှုရှိသည့်အပြင် တဖက်တလှမ်းမှလည်း ပညာရေးကဏ္ဍများသို့ ပံ့ပိုးပေးခြင်းတို့ကိုလည်း ပြုလုပ်ပေးမှုရှိကြောင်း စစ်တမ်းဖြေဆိုမှုများအရ သိရပါသည်။

KTV ဆိုင်များတွင် အလုပ်လာရောက်လုပ်ကိုင်သည့် မိန်းကလေးများအတွက် လမ်းခရီးစရိတ်များကို ကုန်ကျခံပေးခြင်းအပြင် အချို့သော လုပ်ငန်းရှင်များသည် ဝန်ထမ်းများ လုပ်ခြုံရေးအတွက် ဗုံးခိုကျင်းများ စီမံထားပေးမှုရှိကြောင်းသိရသည်။ လုပ်ငန်းအတွင်း ပါဝင်လုပ်ကိုင်နေသော အမျိုးသမီးများ၊ အမျိုးသမီးငယ်များအတွက် အကြမ်းဖက်မှုမှ ကာကွယ်ပေးသည့် အစီအမံများလည်းရှိကြောင်း လုပ်ငန်းရှင်များက ဆိုသည်။ အချို့လုပ်ငန်းရှင်များ၏ အဆိုအရ KTV လုပ်ငန်းအလုပ်ရုံများတွင် အကြမ်းဖက်မှုများဖြစ်ပွားလာပါက အလုပ်သမားမိန်းကလေးဖက်မှ ကာကွယ်မှုများပြုလုပ်

ပေးမှုရှိသည်။ ကာကွယ်ပေးမှုပုံစံများတွင် ဆိုင်တွင်လာသည့် Customer များမှ တစ်စုံတစ်ရာအကြမ်းဖက်မှုပြုလုပ်ပါက ဆိုင်အလုပ်သမားတစ်ယောက်အနေဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အလုပ်ခွင်မှ ထွက်ခွာခွင့်ပေးသည့်အချက်လည်း ပါဝင်သည်။ ဆိုင်တွင်း လုပ်ကိုင်သူများအတွက် နေစရိတ်၊ စားစရိတ်အငြိမ်း ပံ့ပိုးသည့်အပြင် ၎င်းတို့၏ မိသားစုများနှင့် လွတ်လပ်စွာ ဆက်သွယ်ခွင့်ရှိကြောင်း သိရသည်။

ဂျဲန်ဒါဆိုင်ရာ အကြမ်းဖက်မှုများအား ကြိုတင်ကာကွယ်တားဆီးမှုအခြေအနေများ/အစီအမံများနှင့်ပတ်သက်၍လည်း ဆိုင်တွင် လာရောက်သည့် Customer များမှ ဆိုင်အတွင်းသို့ လက်နက်များသယ်ဆောင်လာခွင့်မပေးထားခြင်း၊ ဆိုင်တွင်ရှိသည့် ဝန်ထမ်းများအားလုံး ဆီး၊ သွေးပုံမှန်စစ်ဆေးနိုင်ရန် အစီအမံများ ပြင်ဆင်ထားကြောင်း သိရသည်။ မိန်းကလေးများ အနှိပ်ခန်းထဲသို့ဝင်သွားလျှင် လုံခြုံရေးအတွက် စာပွဲထိုး(waiter)များကို စောင့်ကြည့်ထားခိုင်းခြင်း ရှိသည့်အပြင် Customer များမှ သောက်စားရမ်းကားမှုပြုလုပ်လာပါက မိန်းကလေးများကို ဉီးခံနေရာမှ ထွက်ခွာခွင့်ပြုထားကြောင်း စစ်တမ်းဖြေဆို သူများ၏ အချက်အလက်အရ သိရသည်။

ဤကဲ့သို့ စည်းကမ်းသတ်မှတ်ချက်များ ထားရှိသော်လည်း သတ်မှတ်ချက်များအတိုင်း လိုက်နာလုပ်ဆောင်သည့် ဆိုင်များ ရှိသကဲ့သို့ လိုက်နာမှုအားနည်းသည့် ဆိုင်များလည်းရှိသည်။ စစ်တမ်းအရ အမျိုးသမီးဦးဆောင်သည့် ဆိုင်များတွင် အမျိုး သမီးများကို အကာအကွယ်ပေးမှု ပိုမိုရှိသည်ကို တွေ့ရှိရသည်။ မာဆတ်အနှိပ်ခန်းများဝင်သည့်အခါ လုံခြုံရေးအနေဖြင့် Waiter ဝန်ထမ်းများစောင့်ကြည့်စေခြင်းမျိုးပြုလုပ်သော်လည်း အမျိုးသားဝန်ထမ်းနည်းပါးခြင်းကြောင့် စိန်ခေါ်မှုရှိသည် တွေ့ရှိရသည်။ အမျိုးသား Waiter ဝန်ထမ်းများအနေဖြင့် အလုပ်နှစ်ခုခွ၍ လုပ်ကိုင်ကြရပြီး အိပ်ချိန် နည်းပါးခြင်းကြောင့် မာဆပ်အနှိပ်ခန်းဝင်သည့် မိန်းကလေးများအတွက် အပြည့်အဝ လုံခြုံမှုပြုလုပ်ပေးနိုင်ရန် လွန်စွာ အားနည်းနိုင်သည့် အခြေအနေကို သုံးသပ်တွေ့ရှိရသည်။

## KTV လုပ်ငန်း/အလုပ်ရုံများအပေါ် လူထုအမြင်သဘောထားများ

KTV လုပ်ငန်းများနှင့်ပတ်သက်၍ Sexual and Gender Based Violence- SGBV ကိစ္စရပ်များဖြစ်ပွားကြောင်း သတင်းများ ထွက်ပေါ်နေမှုအပေါ် ထိုလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပတ်ဝန်းကျင်နေရာဒေသရှိ လူထုများ၏ အသံများကို လည်း ဤစာတမ်းမှ စစ်တမ်းကောက် လေ့လာသုံးသပ်ထားသည်။ KTV လုပ်ငန်းများသည် လူမှုပတ်ဝန်းကျင်အတွင်း လူမှုရေးပြဿနာများ၊ လုံခြုံရေးဆိုင်ရာ အန္တရာယ်များနှင့် ကျန်းမာရေးပြဿနာများအပေါ် သက်ရောက်မှုများစွာ ရှိကြောင်း စစ်တမ်းကောက်ယူထားသည့် ဒေသခံ အများစုက ထောက်ပြကြသည်။

*" ဒီ KTV ရုံတွေ မရှိတာကပိုကောင်းတယ်လို့မြင်တယ်၊ ဘာဖြစ်လို့လည်း ဆိုရင် ဒီ KTV ကြောင့် မိသားစုအကြား မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်တယ်၊ အိမ်တွင်းအကြမ်းဖက်မှုတွေကို တွန်းအားပေးရာ ကျတယ်၊ အထူးသဖြင့် အဲ့ဒီမှာ လိင်ပိုင်းဆိုင်ရာ လိုက်စားမှုတွေ ရှိတယ်ပေါ့နော်၊ ပြီးတော့ ပတ်ဝန်းကျင်ကို ဆူညံစေတဲ့အပြင် သားသမီး အတွက် လုံခြုံရေးအရ စိတ်ပူရတယ်၊ ပြီးတော့ လူမှုရေးပြဿနာ တွေလည်း ဖြစ်တာတွေရှိတယ်၊ အဆိုးဆုံးကတော့ အသက်မပြည့်သေးဘဲ ကိုယ်ဝန် ရတာတွေ၊ HIV ရောဂါကူးစက်တာတွေပေါ့။ ဒါတွေကလုံးဝကို မကောင်း တာပဲ၊ ဒ့ါအပြင် အချို့မိသားစုမှာဆို မိန်းမက နိုင်ငံခြားမှာ အလုပ်လုပ်တယ် ပြည်တွင်းမှာကျန်ခဲ့တဲ့အမျိုးသားက ပိုလာတဲ့ပိုက်ဆံကို KTV မှာပဲကုန်တယ်"*



KTV လုပ်ငန်းအနီးတဝိုက်ရှိ ဆေးပေးခန်းများကို စစ်တမ်းကောက်ယူချက်များအရ ဆေးပေးခန်းများတွင် လုပ်ငန်းများ အတွင်း ဝင်ရောက်လုပ်ကိုင်နေသော အမျိုးသမီးများအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးမှုများ ရှိသကဲ့သို့ ကျန်းမာရေးရှုထောင့်မှ တိုက်တွန်းစည်းရုံး မှုများကိုလည်း လုပ်ဆောင်နေကြောင်း သိရသည်။


ကျန်းမာရေးဆေးခန်းမှ တာဝန်ရှိသူများ၏ ဖြေဆိုချက်များအရ SGBV ကိစ္စများနှင့်ပတ်သက်၍ ဆေးခန်းသို့ လာရောက်သည့် အမှုမှာ ၃/၄ ခုမျှရှိပြီး အများအားဖြင့် အိမ်တွင်းအကြမ်းဖက်မှုများနှင့် လိင်ပိုင်းဆိုင်ရာကိစ္စနှင့် ပတ်သက်၍ မလိုလားအပ်သည့် ကိုယ်ဝန်များရရှိခြင်းတို့ကြောင့် လာရောက်ကြကြောင်းနှင့် KTV နှင့်စပ်လျဉ်းသည့် အကြမ်းဖက် မှုများမှာ ယနေ့ချိန်အထိ ရောက်ရှိလာခြင်းမရှိသေးကြောင်း သိရသည်။ မတော်တဆ ကိုယ်ဝန်ရရှိသွားသည့် ဖြစ်စဉ်များ နှင့်ပတ်သက်၍ အမျိုးသမီးအား အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် Education Health (EH) အပိုင်းကိုပြုလုပ် ပေးကြောင်း သိရသည်။

ထို့ပြင် KTV လုပ်ငန်းခွင်များရှိ သက်ဆိုင်ရာ အလုပ်သမားများအား (၃)လတစ်ကြိမ် (သို့) (၆)လတစ် ကြိမ်ဖြင့် RBC သွေးစစ်ဆေးပေးရန်၊ HIV Positive ရှိသူများကို ဆေးကုသမှုပေးရန်နှင့် ဆေးမှတ်တမ်းအရ HIV Positive ကင်းရှင်းမှ သာလျှင် KTV အလုပ်တွင် ဆက်လက်လုပ်ကိုင်ရန် လိုအပ်နေသည့်အပြင် KTV အလုပ်ရုံများ၌ ကွန်ဒုံးများ၊ Opal များ ထားရှိရန်လည်း လိုအပ်ကြောင်း ကျန်းမာရေးဝန်ထမ်းများမှ ထောက်ပြကြသည်။

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီရှိ တရားရေးဌာနအပါအဝင် ပြည်ထဲရေးရဲဌာန၊ အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဌာနနှင့် ကျန်းမာရေးဌာနများကို စစ်တမ်းကောက်ယူခဲ့သည့် အချက်အလက်များအရ SGBV နှင့် ပတ်သက်၍ ရောက်ရှိလာသည့် အမှုများအပေါ် ကိုင်တွယ်ဖြေရှင်းများရှိကြောင်း သိရသည်။

***" SGBV ဆိုင်ရာအကြမ်းဖက်မှုများနှင်ပတ်သက်လို့ကတော့ ကျွန်တော်တို့ဆီမှာ လာရောက်တိုင်တန်းတာ အားနည်းတယ်၊ ၄-၅ မှု လောက်ပဲရှိမယ်။ ဒါကလည်း အိမ်တွင်းအကြမ်းဖက်မှုတွေဖြစ်တယ်၊ ဒီလိုရောက်လာတဲ့ အမှုကိစ္စ တွေရှိရင်တော့ ဖမ်းဆီးစစ်ဆေးခြင်းတွေ လုပ်ပေးတာတော့ရှိပါတယ်"***ဟု KSP မှ တာဝန်ရှိသူတစ်ဦးမှ ဆိုသည်။

သို့သော် KTV တွင် ဖြစ်ပွားသည့် အမှုကိစ္စများနှင့် ပတ်သက်၍ KSP သို့ တိုင်တန်းမှုရှိသော်လည်း အနည်းငယ်သာဖြစ်ပြီး တိုင်ကြားသူ ကာယကံရှင်များသည် အမှုကို ပြီးသည်အထိ မသွားလိုကြသည့်အတွက် ၎င်းတို့ဆန္ဒအတိုင်းသာ ဆောင်ရွက်ပေးရသည့်အခြေအနေများရှိကြောင်း သိရသည်။ အချို့အမှုကိစ္စများမှာ ကြီးမားပြီး အန္တရာယ်ဖြစ်စေသည့် အမှုများပါဝင်သော်လည်း သက်သေအထောက်အထားများ မတွေ့ရသည့် စိန်ခေါ်မှုများလည်းရှိကြောင်း သိရသည်။ ထို့အတွက် အမှုကိစ္စများ ပေါ်ပေါက်လာပါက လူထုမှ လာရောက်တိုင်တန်းခြင်း၊ သက်သေအဖြစ် ပါဝင်ပေးခြင်း၊ စသည့် လူထု၏ ပူးပေါင်းပါဝင်မှုများ အရေးကြီးကြောင်း သက်ဆိုင်ရာဌာနမှာ စစ်တမ်းဖြေဆိုသူများမှ အကြံပြုထားသည်။ သတင်းများ ကြားသိရသော်လည်း သက်သေအထောက်အထားများ မရှိပါက လုပ်ထုံးလုပ်နည်းအရ လုပ်ဆောင်ရန် ခက်ခဲကြောင်း ၎င်းတို့မှ ထောက်ပြသည်။



ထို့ပြင် KTV လုပ်ငန်းများသည် ရိုးရိုးမဟုတ်ပဲ မူးယစ်ဆေးဝါးနှင့် လိင်လုပ်ငန်းများပါ ပါဝင်လာပါက ထိုအခြေအနေနှင့်ပတ်သက်၍ နောက်ဆက်တွဲ စစ်ဆေးမှုများအပါအဝင် လိုအပ်သည့် ဆောင်ရွက်ချက်များ ဆက်လက်လုပ်ဆောင်သွားမည့်အကြောင်း KSP တာဝန်ရှိသူမှ ဖြေကြားခဲ့သည်။ ထို့ပြင် SGBV ဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်တားဆီးရေးအနေဖြင့် KSP လုပ်ငန်းဌာနတွင် ရှိသည့် ဝန်ထမ်းများအား GBV ဆိုင်ရာဘာသာရပ်များ လေ့လာသင်ကြားနိုင်ရေးအစီအစဉ်တို့ကို အမျိုးသမီးအသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ကာ အကောင်ထည်ဖော်ဆောင်လျှက်ရှိပြီး SGBV နှင့်ပတ်သက်၍ IEC ၏ မူ ပေါ်လစီထဲတွင်လည်း ထည့်သွင်းထားကြောင်း သိရသည်။

SGBV ဆိုင်ရာအခြေအနေနှင့်ပတ်သက်၍ အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာနတို့အား မေးမြန်းထားချက်များအရ အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာနသို့ SGBV အမှုများ လာရောက်တိုင်တန်းခြင်းများရှိသည်။ ပြည်နယ်အတိုင်းအတာအနေဖြင့် လက်ရှိရောက်ရှိလာသည့် အမှုများမှာ ၂၀၂၃ခုနှစ်မှ ၂၀၂၄ခုနှစ် ဇူလိုင်လ ခန့်မှန်းခြေ (၂၀) ဝန်းကျင်မျှရှိပြီး အများစုမှာ အိမ်တွင်းအကြမ်းဖက်မှုများဖြစ်ပြီး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများလည်း ပါဝင်ကြောင်း သိရသည်။ အချို့သော အမှုကိစ္စများသည် ကာယကံရှင်ကိုင်တိုင်လာရောက်တိုင်တန်းခြင်းမရှိဘဲ ပတ်ဝန်းကျင်မှတစ်ဆင့် ပြောပြခြင်းဖြစ်သည့်အတွက် အရေးယူဆောင်ရွက်ပေးရန်အတွက် စိန်ခေါ်မှုများရှိကြောင်း သိရသည်။ ထို့အတူ KTV တွင်ဖြစ်ပွားသည့် အမှုကိစ္စများအား ပတ်ဝန်းကျင်မှတစ်ဆင့်သိရှိရသော်လည်း ကာယကံရှင်ကိုယ်တိုင် တိုင်တန်းခြင်း မဟုတ်သည့်အတွက် ကူညီဆောင်ရွက်ပေးရန် အခက်အခဲများရှိနေသည်။



အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာနအနေဖြင့် SGBV ဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ လတ်တလော ဝန်ဆောင်မှုများအနေဖြင့် "တရားရေးဝန်ဆောင်မှုများ၊ လွှဲပြောင်းပေးခြင်း (Safe House) ဆိုင်ရာဝန်ဆောင်မှုများ၊ စိတ်ပိုင်းဆိုင်ရာကုစားမှုပေးရေးဝန်ဆောင်မှုများ၊ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးခြင်း စသည့်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသည်။


ထို့ပြင် SGBV ဆိုင်ရာအကြမ်းဖက်မှုများအား ကြိုတင်ကာကွယ်တားဆီးရေးအစီအစဉ်များအနေဖြင့် သက်ဆိုင်ရာမြို့နယ်အလိုက်သော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း၊ ကျေးရွာအလိုက်သော်လည်းကောင်း ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုဆိုင်ရာသဘောတရားများ၊ အခြေခံဥပဒေများ၊ စီမံခန့်ခွဲမှုဆိုင်ရာများ စသည့် အကြောင်းအရာများအား သင်တန်းပေးခြင်းအစီအစဉ်များနှင့် (၁၆)ရက်တာလှုပ်ရှားမှုအစီအစဉ်တို့ကို ပြုလုပ်လျှက်ရှိသည်။ ထို့အပြင် GBV ဆိုင်ရာ Networking Group ကိုလည်း မြို့နယ်အလိုက် ထားရှိရန်လည်း စီစဉ်ထားကြောင်း သိရသည်။

ကျန်းမာရေးဌာနအား ဆက်သွယ်မေးမြန်းချက်အရ SGBV ဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ IEC ၏ ကျန်းမာရေးဌာနသို့ ရောက်ရှိလာခြင်းများမရှိသေးပဲ အများအားဖြင့် ပြင်ပတွင်ရှိသည့် အခြားသော ဆေးရုံ/ဆေးခန်းများကိုသာ သွားရောက်ကြ ကြောင်း သိရသည်။



*"ကျွန်တော်တို့ဆီမှာက ကြားကာလ အခြေခံကျန်းမာရေးမှူ (၁၄) ချက်ရှိတယ်၊ အဲမှာက မျိုးဆက်ပွား ကျန်းမာရေးရယ်၊ သားဆက်ခြားလုပ်ငန်းရယ် ရှိမယ်၊ အမျိုးသမီးနှင့် ကိုယ်ဝန်ဆောင်မိခင်၊ ကလေးသူငယ်တွေကို ကာကွယ်ဆေးထိုးရမဲ့ဟာတွေ ကျွန်တော်တို့ရေးတာ ရှိတယ်။ ကိုယ်ဝန် ဆောင်တွေ၊ ကလေးငယ်တွေကို ကာကွယ်ဆေး Free ရအောင်လုပ်ပေးမယ်။ သားဆက်ခြားအတွက်ဆိုတော့ ကျွန်တော်တို့ ဒီပိုတွေထိုးတယ် ဒီပိုက (၃)လတစ်ကြိမ်ထိုးတယ်၊ ခုဆိုခေတ်မှီလာတော့ Implant လုပ်တာရှိတယ်။ လက်မောင်းထဲ ပစ္စည်းထည့်ထာတွေရှိတယ်။ ခု အလှူရှင်တစ်ဖွဲ့နဲ့ပူးပေါင်းပြီး အမျိုးသမီး အယောက် (၁၀၀၀) စာ ထည့်ပေးနေပြီ။ ဘာဖြစ်ဖြစ် အမျိုးသမီး အယောက် (၁၀၀၀) တော့ ကယ်တင်နိုင်ပြီ"* ဖြစ်ကြောင်း ကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးမှ လက်ရှိအခြေအနေအား ပြောပြခဲ့သည်။

ကယန်းအမျိုးသမီးအစည်းအရုံးမှ ဤစာတမ်းအတွက် စစ်တမ်းကောက်ယူမှုတွင် ပါဝင်ခဲ့သူများစာရင်းကို အောက်ဖော်ပြပါ ဇယားတွင် ကြည့်ရှုနိုင်သည်။



***ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ-KIEC သို့ တိုက်တွန်းချက်များ-***

၁) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါဆိုင်ရာအကြမ်းဖက်မှုများနှင့် ပတ်သက်၍ ထိထိရောက်ရောက် အလေးထားဆောင်ရွက်ပေးရန်။

၂) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီရှိ သက်ဆိုင်ရာဌာနအသီးသီးတွင် တိကျသည့် မူဝါဒများ၊ လုပ်ပိုင်ခွင့်များအား သတ်မှတ်ရေးဆွဲထားရန်။

၃) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းတည်ရှိထားသည့် မြို့နယ်အလိုက်ဖြစ်စေ၊ အုပ်စုအလိုက်ဖြစ်စေ နယ်မြေဒေသအသီးသီး၌ လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုဖြစ်ပေါ်သည့် အကြမ်းဖက်မှုအား ကြိုတင်ကာကွယ်တားဆီးရေးအစီအစဉ်များ စနစ်တကျ လုပ်ဆောင်ပေးရန်။

၄) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းတည်ရှိထားသည့် မြို့နယ်အလိုက်ဖြစ်စေ၊ အုပ်စုအလိုက်ဖြစ်စေ နေမြေဒေသအသီးသီး၌ လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါဆိုင်ရာ အကြမ်းဖက်မှုဖြစ်ပေါ်လာပါက လျှင်မြန်စွာ တုန့်ပြန်ဆောင်ရွက်ပေးရန်။

၅) ကရင်နီပြည်ကြားကာလလွှတ်တော်မှ ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများနှင့်ပတ်သက်၍ လုံလောက်ပြီး ထိရောက်သောအပြစ်ပေးအရေးယူနိုင်သည့် ဥပဒေများထည့်သွင်းရေးဆွဲသွားရန်။

၆) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ဂျဲန်ဒါဆိုင်ရာအကြမ်းဖက်မှုများအား ကျူးလွန်သည့် စီးပွားရေးလုပ်ငန်းရှင်များဖြစ်စေ၊ အခြားသောအုပ်စုအသင်းအဖွဲ့များမှဖြစ်စေ၊ တစ်ဦးတစ်ယောက်ချင်းဖြစ်စေ မည်သည့်ကျူးလွန်သူ မည်သူမဆို ပြစ်ဒဏ်ကင်းလွတ်ခွင့်မရရှိစေရေးအတွက် ဖော်ဆောင်ပေးရန်။

၇) လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ သာမန်ကိစ္စကဲ့သို့မဟုတ်ဘဲ အရေးကြီးသည့် ကိစ္စရပ်အဖြစ် သတ်မှတ်အလေးထားဆောင်ရွက်ပေးရန်။

၈) လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဖြေရှင်းရာတွင် လူ့ဂုဏ်သိက္ခာနှင့်အညီ အလေးထားဆောင်ရွက်ပေးရန်။

၉) ကျန်းမာရေးဌာနမှဦးဆောင်၍ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် လူထုများအကြား ကျန်းမာရေးဆိုင်ရာ အသိပညာပေးရေးအစီအစဉ်များ၊ ရောဂါဘယများမပြန့်ပွားစေရေးအစီအမံများအား ကျယ်ပြန့်စွာလုပ်ဆောင်ပေးရန်။

***လက်နက်ကိုင်အစုအဖွဲ့များထံသို့ တိုက်တွန်းချက်များ-***

၁) လက်နက်ကိုင်အစုအဖွဲ့များအနေဖြင့် လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါဆိုင်ရာအကြမ်းဖက်မှုများအား ထိရောက်စွာကာကွယ်ပေးနိုင်သည့် မူဝါဒများထားရှိစေရန်နှင့် ထိရောက်သောအရေးယူဆောင်ရွက်မှုများလုပ်ဆောင်ရန်။

၂) လက်နက်ကိုင်အစုအဖွဲ့များအနေဖြင့် လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ စည်းစနစ်ကျသည့် လုပ်ထုံးလုပ်နည်းများဖြစ်စေ၊ စီမံခန့်ခွဲရေးဆိုင်ရာများဖြစ်စေ အကူညီတောင်းခံသည့်သူအား နစ်နာစေမှု ကင်းဝေးစေရေးကို အလေးပေးဆောင်ရွက်ရန်။

၃)  အရပ်ဖက်နှင့် စစ်ဖက်ဆိုင်ရာတို့မှ ဖြစ်ပွားသည့် အမှုကိစ္စများနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား အပြစ်ပေး အရေးယူဆောင်ရွက်ရာတွင် အရပ်ဖက်တရားရုံးတွင်လွှဲပြောင်းဆောင်ရွက်ပေးရန်။

၄)  တပ်တွင်းတွင် ဖြစ်ပေါ်လာသော လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဖြေရှင်းစီရင်ရာ တွင်လည်း ပြစ်ဒဏ်ကင်းလွတ်ခွင့်မရှိစေရေးနှင့် ထိရောက်စွာအရေးယူဆောင်ရွက်ပေးရန်။

၅)  လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ သာမန်ကိစ္စကဲ့သို့မဟုတ်ဘဲ အရေးကြီးသည့် ကိစ္စ ရပ်အဖြစ်သတ်မှတ် အလေးထားဆောင်ရွက်ပေးရန်။

၆)  လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဖြေရှင်းရာတွင် လူ့ဂုဏ်သိက္ခာနှင့်အညီ အလေးထားဆောင်ရွက်ပေးရန်။

၇)  လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဖြေရှင်းရာတွင် လုံခြုံရေးဆိုင်ရာ ယန္တရားများ ဖန်တီးပေးရန်။

***<u>ကျေးရွာ/စစ်ရှောင်စခန်းအဆင့်ရှိ သက်ဆိုင်ရာအုပ်ချုပ်ရေးအစုအဖွဲ့သို့ တိုက်တွန်းချက်များ-</u>***

၁) ကျေးရွာ/စစ်ရှောင်စခန်းရှိ သက်ဆိုင်ရာအုပ်ချုပ်ရေးအစုအဖွဲ့များနေဖြင့် လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါဆိုင်ရာ အကြမ်း ဖက်မှုများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရာတွင် အလေးထားဆောင်ရွက်ပေးရန်နှင့် ကာကွယ်ပေးသည့် အစီအမံများ ထားရှိပေးရန်။

၂)  လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ သာမန်ကိစ္စကဲ့သို့မဟုတ်ဘဲ အရေးကြီးသည့် ကိစ္စ ရပ်အဖြစ်သတ်မှတ် အလေးထားဆောင်ရွက်ပေးရန်။

၃)  လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဖြေရှင်းရာတွင် လူ့ဂုဏ်သိက္ခာနှင့်အညီ အလေး ထားဆောင်ရွက်ပေးရန်။

၄)  လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါဆိုင်ရာအကြမ်းဖက်မှုများဖြစ်ပွားလာပါက သက်ဆိုင်ရာအမျိုးသမီးအသင်းအဖွဲ့များ ဖြစ်စေ၊ တရားရုံးများဖြစ်စေ၊ ရဲစခန်းများသို့ဖြစ်စေ သတင်းပေးတိုင်ကြားမှုများပြုလုပ်ဆောင်ရွက်ပေးရန်။

***<u>အရပ်ဖက်အဖွဲ့အစည်းများသို့ တိုက်တွန်းချက်များ-</u>***

၁)  အရပ်ဖက်အဖွဲ့အစည်းအနေဖြင့် လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ အစုအဖွဲ့များသို့ လိုအပ်သည့် စည်းရုံးလှုံ့ဆော်မှုအစီအစဉ်များအား ပူးပေါင်းဆောင်ရွက်ရန်။

၂)  အရပ်ဖက်အဖွဲ့အစည်းအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်စေ၊ လူသားချင်းစာနာထောက်ထား ရေးလုပ်ငန်းများ ဖြစ်စေ ဆောင်ရွက်ရာတွင် လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ အလေးထားဆောင်ရွက် သွားရန်။

၃)  ကရင်နီပြည်အတိုင်းအတာရှိ အရပ်ဖက်အဖွဲ့အစည်းများလိုက်နာကျင့်သုံးရေးဆိုင်ရာ မူဝါဒများရေးဆွဲပါက လိင်ပိုင်း ဆိုင်ရာနှင့် ဂျန်ဒါဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်တားဆီးရေး အစီအစဉ်များ အပါအဝင် လူ့ဂုဏ်သိက္ခာနှင့်အညီ ကူညီဆောင်ရွက်မှုများကို အလေးထားထည့်သွင်းဖော်ဆောင်ရန်။